ဝတ်ရုတ်စဉ်



ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု



ပြည်ထောင်စုနှင့်ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဝန်ထမ်းများ မိသားစု

ဝတ်ရွတ်စဉ်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ဇူလိုင်လ ၁၉၈၂

သာသနာရေးဦးဝီးဌာန

ဝန်ထမ်းများ မိသားစု ဝတ်ရွတ်စဉ်

နိဒါန်း

ရှေးအစဉ်အလာ မြန်မာ့ယဉ်ကျေးမှု

၁။ ဘုရားတရား၊ မြတ်ဖျားသံဃာ၊ အရိယာတို့၊ မကွာနေ့ည၊ ဟတ္ထအဥ္ဇလီ၊ မြောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည၊ကိုးကွယ်ကြ။ (အရှင်မဟာရဋ္ဌသာရ။)

၂။ တိလောက-ဟု၊ မရနိုင်းတူ၊ ဘက်မပြုသည်၊ သုံးဆူရတနာ၊ မာတာပိတ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ်။

(အရှင်မဟာသီလဝံသ။)

၃။ ကြားပိမ့်သူမြတ်၊ အများမှတ်စိမ့်၊ ဟိတတ္ထိက၊ သြဝါဒဖြင့်၊ ဆုံးမပေးထွေ၊ နားဝင်စေလော့၊ နေသို့ထင်ရှား၊ ဘုရား တရား သံဃာ၊ ရတနာထွတ်ထား၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်သက်၊ အမြဲရှက်၍၊ စုံမက်သဒ္ဓါကြည်စေမင်း။ (အရှင်အဂ္ဂသာရ။)

အထက်ပါ လက်ာ ၃-ပုဒ်သည် အလွန်များပြား ကြီးမားစွာ တန်ဖိုးရှိလှသော အဆုံးအမသြဝါဒကို ဖော်ပြသည့် လက်ာများ ဖြစ်ပါသည်။

မြန်မာ့ရိုးရာ ရှေးအစဉ်အလာ နှစ်ပေါင်း များစွာကပင် ဗုဒ္ဓဘာသာ မြန်မာပညာရှိကြီးများက ရေးသားခဲ့၍ ဗုဒ္ဓဘာသာမြန်မာဆရာသမား မိဘများက ဗုဒ္ဓဘာသာ မြန်မာကလေးသူငယ်များကို ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုအခြေချ၍ သင်ကြား ပို့ချ အရာဆောင်စေသည့် ဆုံးမစာ များဖြစ်ပါသည်။ ယခုခေတ်တိုင်အောင်လည်း အမြောက်အမြင် ရှိကြသည့် ဆရာမိဘများက သင်ကြားဆုံးမလျက်ရှိကြပါသည်။

ယင်းဆုံးမစာလက်ဝ ၃-ပုဒ်၏ အဓိပ္ပာယ်အနှစ်သာရမှာ–

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့သည် အလွန်မြင့်မြတ်သည်၊ အမြဲမပြတ် ရိုသေကြရမည်၊ မပြစ်မှားကြရ၊ ချစ်ခင်မြတ်နိုး ရှိခိုးပူဇော်ကြရမည်။

ဟု ဆိုလိုပါသည်။

ကုသိုလ်တရား အကျိုးကြီးမား

ဤတွင် ရိုသေသင့် မြတ်နိုးကြည်ညိုသင့် ရှိခိုးပူဇော်သင့်သော ကျေးဇူးရှင် ဘုရား တရား သံဃာ မိဘ ဆရာတို့ကို ရိုသေမြတ်နိုးရှိခိုးပူဇော်ရခြင်းဟူသည် စိတ်စေတနာတချက်မျှ ဖြစ်ပေါ် ခွင့်ရလျှင်ပင် ယင်း ကုသိုလ်ဇောစိတ်၏ အကျိုးတရားကို မရေမတွက်နိုင်အောင် ကြီးကျယ်များပြားစွာရနိုင်ကြောင်းစမ္မပဒဋ္ဌ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဇောစိတ်ဟူသည် မျက်စိတဖျစ်မိတ် လျှပ်တပြက် အချိန်ကလေးမျှပင် အကြိမ်ပေါင်း ကုဋေတသိန်းမက ဖြစ်နိုင်ကြောင်း ဗုဒ္ဓအဘိဓမ္မာကျမ်းများက မိန့်ဆိုပါသည်။

တမိနစ်မျှအချိန်ယူ၍ ဘုရားရှိခိုးမည်၊ တနာရီမျှအချိန်ယူ၍ ဘုရားရှိခိုးမည်ဆိုလျှင် ကုသိုလ်ဇောစိတ်များ မည်မျှဖြစ်ပွားနိုင်မည်ကို စာရှုသူ သူတော်စင်များ မှန်းဆကြည့်ကသိနိုင်ပါသည်။

ထိုထက် နေ့စဉ်နှင့်အမျှ အမြဲမပြတ် နိဗဒ္ဓဝတ်ထားပြီး ၁-နာရီ ၂-နာရီမျှ အချိန်သတ်မှတ်၍ ဘုရားရှိခိုးမည်ဆိုပါလျှင် ကုသိုလ်တရား အလွန်များပြားကြီးမားစွာ ဖြစ်ပွားမည်မှာ အမှန်မုချပင်ဖြစ်ပါသည်။

အမြဲဝတ်မှန် သောတာပန်

"သရဏဂုံသုံးပါးနှင့် သီလဆောက်တည်ခြင်း ဒါနပြုခြင်းစသော ကုသိုလ်ကောင်းမှုကို အမြဲမပြတ် နိစ္စဝတ် နိဗဒ္ဓဝတ်ထား၍ ပြုလုပ်သူသည် သေပြီးနောက် ကောင်းမွန်မြင့်မြတ်သည့် သုဂတိဘဝကို အမှန်မုချရနိုင်ကြောင်း သောတာပန် အရိယာပုဂ္ဂိုလ်နှင့် အလားတူကြောင်း" ကို အဂ်ုတ္တိုရ် အဋ္ဌကထာ သဥပါဒိသေသသုတ်အဖွင့် (အံဋ္ဌ၃-နှာ ၂၆၅) ၌ ပြဆိုထားပေသည်။

ဤသို့ ဖော်ပြခဲ့သော အကြောင်းများကြောင့်ပင် ရှေးဗုဒ္ဓဘာသာ မြန်မာပညာရှင်များက မိမိတဦးတည်း ကိုယ်တိုင်လည်း ဘုရားရှိခိုးခြင်း သမထဝိပဿနာ ဘာဝနာပွားခြင်း အလှူဒါနပြုခြင်းများကို အမြဲမပြတ် ဝတ်တရားတခုပြုလုပ်ဆောင်ရွက်သည်။ နီးစပ်ရာ သဘောတူရာ စုပေါင်း၍ အသင်းအဖွဲ့ဖြင့်လည်း ပြုလုပ် ဆောင်ရွက်ခဲ့ကြသည်။ ယခုခေတ်မှာလည်း ပြုလုပ်ဆောင်ရွက်လျက် ရှိကြသည်။ ဘုရား

ရှိခိုး ဝတ်ရွတ်အသင်း ရေကြည်တော်လှူဝတ်အသင်း၊ ဆွမ်းကပ် ဆွမ်းလောင်း ဝတ်အသင်း၊ တံမြက်လှည်းဝတ်အသင်း စသည့် ဝတ်အသင်းအဖွဲ့ အမျိုးမျိုးရှိသည်ကို များစွာတွေ့ရှိနိုင်ပေသည်။

ဝတ်အသင်းဟူသည်မှာ ဆိုင်ရာကုသိုလ်ကောင်းမှု တခုခုကို အမြဲမပြတ် ကျင့်ဝတ်အဖြစ် ကျင့်သုံးဆောင်ရွက်သည့် နိဗ္ဗဒဝတ်အသင်းဟု အဓိပ္ပာယ်ရှိပေသည်။

ဝတ်အသင်း အမျိုးမျိုး၏ အကျိုးတရား

ယင်းသို့ ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ဖြစ်နိုင်စေရန် အသင်းအဖွဲ့များ ဖွဲ့စည်း၍ ပြုလုပ်ဆည်းပူးခြင်းသည် တဦးနှင့် တဦး နှိုးဆော်တိုက်တွန်း၍ ဖေးဖေးမမဆွဲဆောင်ခြင်းကြောင့် ကုသိုလ်တရား ပွားများစေရန် အကူအညီ ဖြစ်စေနိုင်ခြင်း၊

အပျော်အပါး အလေအလွင့် ဗဟိရကိစ္စများ နည်းပါး ကင်းပျောက်သွားစေနိုင်ခြင်း၊

တဦးချင်းအတွက် ဖြစ်စေ၊ အများအတွက် ဖြစ်ခဲ့၊ အကျိုးမဲ့ကိစ္စကို ရှောင်ကြဉ်၍ အကျိုးရှိကိစ္စကို ဆောင်ရွက်နိုင်ရန် နှိုးနှောသတိပေးနိုင်ခြင်း၊

ဝတ်အသင်း၌ ပညာရှိ သူတော်စင် မိတ်ဆွေကောင်းကို တွေ့ရှိနိုင်ခြင်း၊

တဦးနှင့်တဦး မသိသေးသည့် တရားကို သိအောင် သင်ကြားပြောဟောနိုင်ခြင်း၊

တဦးနှင့်တဦး သံပြိုးသည့် တရားကို ထပ်မံ သတိရ
အောင် ပြောဟောဆွေးနွေးနိုင်ခြင်း၊
စသော အကျိုးထူးတရားများကို ဖြစ်ပေါ် စေနိုင်သော
ကြောင့် တဦးချင်းအတွက်ဖြစ်စေ၊ တိုင်းပြည်နှင့်လူမျိုး ဘာ
သာ သာသနာအတွက်ဖြစ်စေ များစွာအကျိုးတရားဖြစ်ပွား
စေနိုင်ပေသည်။

ဘုရားရှိခိုး ဝတ်အသင်းနှင့် ဝတ်ရွတ်စဉ်

ယင်းသို့အကျိုးကြီးလှသည့် ကုသိုလ် ကောင်းမှုဝတ်
အသင်း အမျိုးမျိုးရှိသည်တွင် ရှိခိုးပူဇော်ထိုက်သော ဘုရား
တရား သံဃာ မိဘ ဆရာများကို ရှိခိုးပူဇော်သည့် ဘုရားရှိခိုး
ဝတ်အသင်းများလည်း များစွာပေါ်ခဲ့သည်။

ဘုရားရှိခိုးဝတ်အသင်းဟု ဒီကြီးအမြတ်ကို ပဓာန
ထား၍ဆိုသော်လည်း တရားသံဃာ ရှိခိုးခြင်းစသည့်၊ သရ-
ဏာကုံ သီလဆောက်တည်ခြင်းစသည့်၊ပရိတ်တရားတော် ရွတ်ဆို
ပူဇော်မြားခြင်း ဘာဝနာစသည့်၊ ဆွမ်းတော်၊ ပန်းတော်၊
ရေချမ်းတော် ကပ်လှူပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှု
အမျိုးမျိုးကို ပဓာနနည်း ဥပလက္ခဏနည်းများဖြင့် ပါဝင်
ထည့်သွင်း ခေါ်ဆိုထားပေသည်။

ဘုရားရှိခိုးဝတ်အသင်းသားများ သူတမျိုးငါတဖုံ မဖြစ်
စေပဲ တညီတညွတ်တည်း ရွတ်ဖတ်ရှိခိုး၊ပူဇော်နိုင်စေရန် ဘုရား
ရှိခိုးများကို အစီအစဉ်ပြုလုပ်သတ်မှတ်ထားကြသည်။ ယင်းသို့
သတ်မှတ်ထားသည်ကို "ဝတ်ရွတ်စဉ်" ဟုခေါ်ဝေါ်သည်။ အမြဲ
ဝတ်ထား၍ ရွတ်ဆိုသည့် ဘုရားရှိခိုးအစဉ်ဟု အဓိပ္ပာယ်ရှိသည်။

သာသနာရေးဦးစီးဌာန ဝန်ထမ်းများ

မိသားစု ဝတ်ရွတ်စဉ်

ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေအတွင်း မဟာပါသာဏ လိုဏ်ဂူတော်၏အရှေ့ဘက်ရှိ စံကျောင်းတော်ဓမ္မာရုံ၌ အမြဲ ဝတ်ထား၍ ရှိခိုးပူဇော်သည့် သာသနာရေးဝန်ထမ်းများနှင့် သားသမီး ဆွေမျိုးများ ပါဝင်ကာ "သာသနာရေးဦးစီးဌာန ဝန်ထမ်းများ မိသားစု" ဝတ်အသင်းလည်း ဖွဲ့စည်းထားသည်။

သာသနာရေးဦးစီးဌာန ဝန်ထမ်းများ မိသားစု ဝတ်အသင်းသူ အသင်းသားများ ရွတ်ဆိုရှိခိုးပူဇော်ကြရန် "ဝတ်ရွတ်စဉ်" သတ်မှတ်ထားသည့် "သာသနာရေးဦးစီးဌာန ဝန်ထမ်းများ မိသာ စုဝတ်အသင်း ဝတ်ရွတ်စဉ်" ကို ဤကျမ်းငယ်၌ စုပေါင်းရိုက်နှိပ်ထားပါသည်။

ဤဝတ်ရွတ်စဉ်သည်ကား ဗုဒ္ဓသာသနာရေးရာ၌ ကျွမ်းကျင်လိမ္မာသည့် သာသနာရေးဦးစီးဌာနရှိ ပါဠိပညာရှင်များ ရွေးချယ်စီစဉ်၍ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် စာစီစာပြင် စက်ရိုက်အမှုထမ်းများ ကြိုးပမ်းအားစိုက် ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပေရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း တို့သည် ယုံကြည်လေးစား မှတ်သားလေ့ကျက် ဆောင်ရွက်နိုင်ကြပါစေသတည်း။



ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု



သာသနာရေးဦးစီးဌာန ဝန်ထမ်းများ

မိသားစု ဝတ်ရွတ်စဉ်

မာတိကာ

အကြောင်းအရာ				စာမျက်နှာ
နိဒါန်း	....	....	....	၈
နတ်ပင့်	....	....	....	၁
အရေပ်ဆယ်မျက်နှာစည်းချ	....	....		၃
ဘုရားပင့်	....	....	....	၅
အနေကဇာတင်	....	....	....	၇
အစီနွေယျဘုရားရှိခိုး	....	....	....	၁၀
ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တော်များ			....	၂၅
ငါးပါးသီလ	....	....	....	၃၀
ပန်း, ရေချမ်း, ဆီမီး, ဆွမ်းကပ်			....	၃၂
မင်္ဂလသုတ်	....	....	....	၃၅
ရတနသုတ်	....	....	....	၃၈

မာဇ်ကာ

အကြောင်းအရာ				စာမျက်နှာ
ခန္ဓသုတ္တ	....	....	....	၄၅
မေတ္တာသုတ္တ	....	....	....	၄၂
မောရသုတ္တ	....	....	....	၄၆
ဝင်္ဂသုတ္တ	....	....	....	၄၈
ဓဇဂ္ဂသုတ္တ	....	....	....	၄၉
အာဠဝကဒေဝီယသုတ္တ	....	....	....	၅၄
အင်္ဂုလိမာလသုတ္တ	....	....	....	၅၈
ဗောဇ္ဈင်္ဂသုတ္တ	....	....	....	၅၉
ပုဗ္ဗဏှသုတ္တ	....	....	....	၆၁
ဓမ္မစက္ကပ္ပဝတ္တနိသ်ုယ	....	....	....	၆၂
အနတ္တလက္ခဏသုတ်ပါဠိနိသ်ုယ	....	....		၁၀၈
လယ်တံဆွေးတော်ဘုရားကြီးဆုံးမစာ		....		၁၅၃
ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိနိသ်ုယ ဥယျာဉ်ဦ		....		၁၂၅
ပဋ္ဌာန်းအမ္ဘန်	....	....	....	၁၆၃
ပဋ္ဌာန်းပါဠိနိသ်ုယ	....	....	....	၁၆၇
ဓာရဏပရိတ်တော်ပါဠိနိသ်ုယ	....	....		၂၆၁
အဘိဏှသုတ်ပါဠိတော် နိသ်ုယ	....	....		၂၇၁
ပရိမိတ္တဇာလသုတ်ပါဠိနိသ်ုယ	....	....		၂၇၃
မေတ္တာပို့ဆုတောင်း, နတ်ပို့ အာမ္ပဒေ		....		၂၈၄

မာတိကာပြီး၏။

ဆဋ္ဌသင်္ဂီတျာရူဋ္ဌာ

ပရိတ္တပါဋ္ဌိ

ဆဋ္ဌသံဂါယနာမူ-ပရိတ်ကြီးပါဋ္ဌိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ သမန္တာ စက္ကဝါဋ္ဌေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ *နမော တဿ ဘဂဝတော အရဟတော သမ္မာ-
သမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,တ္ထေ
လောကန္တရေဝါ။ ။ဘုမ္မာ ဘုမ္မာ စ ဒေဝါ,ဂုဏ-
ဂဏ ဂဟဏ, ဗျာဝဋ္ဌာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ,မေရု-
ရာဇေ ဝသန္တော။ ။သန္တော သန္တောသ ဟေတုံ,
မုနိဝရဝစနံ,သောတုမဂ္ဂံ သမဂ္ဂါ။

---

*(တိက္ခတ္တုံ) ဒီဃန်ကာယေ ဒုတ်ယဘာဂေ ၂၃၀-ပိဋ္ဌေ မဇ္ဈိမနိကာယေ မဇ္ဈိမပဏ္ဏာသပါဋ္ဌိယံ ၃၁၄၊ ၃၄၁-ပိဋ္ဌေသု သံယုတ္တနိကာယေ ပဌမဘာဂေ ၁၆၂-ပိဋ္ဌေ၊ အင်္ဂုတ္တရနိကာယေ ပဌမဘာဂေ ၆၈-ပိဋ္ဌေ၊ ဒုတိယဘာဂေ ၂၀၈-ပိဋ္ဌာဒီသု စ။

ပရိတ္တာပါဠိ

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတ္ဝာ၊သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေ-
သတော။

၇။ သာသနဿ စ လောကဿ၊ ဝုဏ္ဍိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပီသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဋကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္နိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စက္ကာ ဟာတ္ထိ အသ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက-
မကိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ-
ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

အရပ်ဆယ်မျက်နှာကို စည်းချရန်

အရှေ့မြောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိဖုတ္တာ၊
ပစ္စေကာနုဇ္ဇ ယာ ဣဒ္ဓိ။
အရဟန္တာနုဇ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့အရပ်

သဗ္ဗေ ဗုဒ္ဓါ ဇမဖုတ္တာ၊
ပစ္စေကာနုဇ္ဇ ယော ခေမော။
အရဟန္တာနုဇ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့တောင်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဇိနဖုတ္တာ၊
ပစ္စေကာနုဇ္ဇ ယော ဇိနော။
အရဟန္တာနုဇ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တောင်အရပ်

သဗ္ဗေ ဗုဒ္ဓါ လာဘဖုတ္တာ၊
ပစ္စေကာနုဇ္ဇ ယော လာဘော။
အရဟန္တာနုဇ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်တောင်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဇေတဖုတ္တာ၊
ပစ္စေကာနုဇ္ဇ ယော ဇေတော။
အရဟန္တာနုဇ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဗလဖုတ္တာ၊
ပစ္စေကာနုဇ္ဇ ယံ ဗလံ။
အရဟန္တာနုဇ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်မြောက်
အရပ်

သမ္ဗေ ဗုဒ္ဓါ **ယသပုတ္တာ၊**
ပစ္စေကာနဉ္ဇ ယော ယသော။
အရဟန္တာနဉ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သမ္ဗသော။

မြောက်အရပ်

သမ္ဗေ ဗုဒ္ဓါ **သိရိပုတ္တာ၊**
ပစ္စေကာနဉ္ဇ ယာ သိရိ။
အရဟန္တာနဉ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သမ္ဗသော။

အရှေ့မြောက်
အရပ်

သမ္ဗေ ဗုဒ္ဓါ **ဣဒ္ဓိပုတ္တာ၊**
ပစ္စေကာနဉ္ဇ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သမ္ဗသော။

အထက်အရပ်

သမ္ဗေ ဗုဒ္ဓါ **ဈာနပုတ္တာ၊**
ပစ္စေကာနဉ္ဇ ယံ ဈာနံ။
အရဟန္တာနဉ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သမ္ဗသော။

အောက်အရပ်

သမ္ဗေ ဗုဒ္ဓါ **နိဇ္ဇပုတ္တာ၊**
ပစ္စေကာနဉ္ဇ ယံ နိစ္စံ။
အရဟန္တာနဉ္ဇ တေဇေန၊
ရက္ခံ ဗန္ဓာမိ သမ္ဗသော။

စိန်ရောင်ခြည်ဘုရားပင့်

အင်္ဂီရသဿ ဥဏ္ဍာယ၊ ဒါဌာဟိ သေတရံသိယော။
ဝဇိရာဝ ဝိရောစန္တ၊ ဇိနော မေ ဌာတု သီသကေ။

အင်္ဂီရသဿ၊ အယုတ်အလတ် အမြတ်ပိုင်းခြား လွှန်ကြိုး စားရှိ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံကွန့်မြူးလျက် "အင်္ဂီရသ" ဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခံ့ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိ တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဘမုကန္တရေ၊ မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌။ သဥာတာယ၊ နုဖြူထွားထွား ကောင်းစွာပေါက်ဖွားဖြစ်ပေါ်၍ လာတော်မူသော။ ဥဏ္ဍာယ စ၊ ဆွဲလိုဆန့်လျှင် နှစ်တောင်ခန့်ရှည်လျား သဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရုံ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဍလုံခေါ် မွေးရှင်တော်ဓာတ် လွှန်ထူးမြတ်သည့် အရပ်တော်မှ လည်းကောင်း။ ဒါဌာဟိ စ၊ ပတ္တမြားခေါင်ရင်း နှင်းဆီပန်းကဲ့သို့ နီမြန်းသောနှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင် ဖုံးပိတ်၍ ထားအပ်သော သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာရာ ဓာတ်တော်ထူးတို့မှလည်းကောင်း။ သေတရံသိ-ယော၊ ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင် လွှမ်းဘိသကဲ့သို့ မြတ်လေးပန်း စံပယ်ငုံ ကြာဖြူပွင့်ဝတ်မှုံလို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် တလည်လည် ထိန်ပြောင်ကြည်တဲ့

စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်။ ဝဇိရာဝ၊ စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့။ ဝိရောစန္တိ၊ ဖူးမြင်ရသူတို့၏စိတ်ဝယ် အထူးဘဝင်မှာ ကြည်နူးလောက်အောင် ရှင်မြူးတက်ကြွ ဖက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော် မူကြပါပေကုန်၏။ သော ဇိနော၊ ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသံ ဘွဲ့ထူးခံသည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ မမ၊ ရှပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ် အကျွန်ုပ်၏။ သီသကေ၊ ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌။ ဌာတု၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှုကိုယ်တိုင် ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှည့်ပါ့ စိန်ရောင်ခြည်နေတန္ဒန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။



ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော် ပါ၏ဘုရား။

ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော် ပါ၏ဘုရား။

သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။

ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပါဠိအနုက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခံတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ'မဇ္ဈဂါ။။

ဂဟကာရ၊ အိုမင်းပိုင်နက် နာမင်းပိုင်နက် သေမင်းပိုင်နက် အပါယ်မင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ဂရုံ အမိန့်ခံ၍ ရုပ်နာမ်ယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာတဲ့ တဏှာယောကျ်ား ဟယ်....လက်သမား။ ပုနပ္ပုနံ၊ အမှန်းအဆ ဂဏန်းမပြနိုင်သော ဘဝအတန်တန် အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ အို နာ သေရေး ဒုက္ခဘေးတို့မှ လုံးထွေး ရောယှက် ကြိုးသွယ်ဆက်၍ ဖြစ်လျက်သန္တေ တည်နေရခြင်းသည်။ ယသ္မာ၊ အကြောင်ကြောင့်။ ဒုက္ခာ၊ ပြောပြလို့မကုန် လောကဓာတ် ထိုထိုဘုံတွင် အဖုံဖုံအစုံစုံ ညှဉ်းဆဲလှသဖြင့် ဆင်းရဲတကာ့ ဆင်းရဲကြီးပါတကား။ တသ္မာ၊ ထိုသို့ ညှဉ်းဆဲအလွန်အလွန်ပင် ဆင်းရဲလေသောကြောင့်။ ဂဟကာရံ၊ ကပ်ကမ္ဘာ အနှံ့တွင် လပ်ကွာလို့မကျန်ရအောင် သတ္တဝါမှန်သမျှတို့၏ ဘဝတပင်တိုင်ခန္ဓာအိမ်, လေးပင်တိုင်ခန္ဓာအိမ်, ငါးပင်တိုင်ခန္ဓာအိမ်တွေကို အကြိမ်ကြိမ် အဖန်ဖန် ကံထရိုက်ဆဲ ပြီးလျှင် တဆောက်ထဲ ဆောက်လုပ်လို့လားသော တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ ဘယ်လို ဘယ်က ဘယ်သူစ၍ ဖြစ်ပျက်ရသနည်းဟု နိဿယညှိုးမခံ သိပ်သည်းစွာ ကြိမ်ဖန်လျက် ကိုယ်ပိုင်ဉာဏ်အဟုန်စွမ်းဖြင့် စုံစမ်းရှာဖွေလို့ လာခဲ့ရသော။ အဟံ၊ ငါဘုရားကိုယ်တော်မြတ်သည်။ အနိဗ္ဗိသံ

အဉ္ဏံ အဝိန္ဒန္တော၊ သင့်ကိုလှမ်း၍ အတင်းဖမ်းကိုင် မြင်စွမ်း နိုင်တဲ့ ကိုယ်ပိုင်ဉာဏ် မှန်ပြောင်းကို ကောင်းကောင်းပိုင်ပိုင် လက်ကိုင်မရရှိ နိုင်သေးသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ ဘုရားမြတ်ဒီပင်္ကရာနှင့် သုမေဓာရသေ့ဘဝမှာ တွေ့ကြစဉ် အခါကစပြီးလျှင် ရက် လ နှစ် တွေ သက္ကရာဇ် တွက်စစ်လို့ရေ ခဲ့သော် သချေ်လေးရပ် ကိန်းအမှတ်ဖြင့် တသိန်းကပ်ကာလ ပတ်လုံး။ သန္ဓာဝိဿံ သံသရိံ၊ ခန္ဓာအိမ် ကြိမ်ကြိမ်ဆောက် လျက် သံသရာ ပြန်ကာရောက်ပြီးလျှင် တခေါက် လှည့်လည်၍ လာခဲ့ရလေပြီတကား။ ဝါ၊ ရုပ် နာမ်နှစ်ရပ် ခေါင်းဆောင် လျက် အလောင်းကောင်သေစရာ မပြတ်နိုင်သဖြင့် မြေကမ္ဘာ တွင် ခြေရာတွေထပ်လောက်အောင် လှည့်ပတ်ကာ ကျင်လည် ခဲ့ရလေသတည်း။

ဂဟကာရက၊ တဏှာယောကျား ဟယ်....လက်သမား။ တွံ၊ ချဲချင်တိုင်းချဲ ဖွဲ့ချင်တိုင်းဖွဲ့ လှည့်ချင်တိုင်းလှည့်တတ်တဲ့ တကယ့်ယောကျား သင်လက်သမားကို။ ယော၊ အိုမှုတဖြာ နာမှုတထွေ သေမှုတဖုံ ကြောက်မက်ဖွယ် ဝိုင်းအုံ၍ လက်နက် စုံ ပစ်ဖောက်သည့် ရန်သူတို့လက်အောက်၌ စုံထောက်ခန်းဖွင့် ကာ ပွင့်ထွန်းလို့ ပေါ်လာရသော ငါဘုရားကိုယ်တော်မြတ် သည်။ ဒဲဋ္ဌော၊ ဗောဓိပင်အောက် အမြင်ပေါက်သဖြင့် သင် ဆောက်တဲ့အိမ်တွေပါ မနိန္ဒေကွန့်မြူးလျက် လက်ပူးလက် ကြပ် ယခုတွေ့မြင်အပ်သည်။ အသိ၊ ဖြစ်ပေပြီ။ ပုန၊ နောက် ထပ်ဘဖန် ပြန်လှန်ကွန့်လျက် လွန့်တက်တော်လှန်ကာ။ ဂေဟံ၊ ရေမြေ လေ မီး ဓာတ်ကြီးလေးခု တိုင်ခြေပြု၍ သွေးစု သားစု ရိုးစုဓာတ်ဆင် ဒိုင်းမြှားတင်လျက် ကိုယ်တွင်ဖြစ်လာ ဒွတ္တိံသာတို့ ညီညာစပ်နှော ငါ့ခန္ဓာအိမ်အတ္တဘောကို။ နှ

ကာဟသိ၊ သင်ဘယ်လိုစိမံ ဘယ်လိုဖန်လို့မှ ဉာဏ်နီစွမ်းထုတ်ကြံစည်ဆောက်လုပ်နိုင် တော့မည့်မဟုတ်ပေ။တေ၊ ကာမဂုဏ်ငါးပါး လာဘ်လက်ဆောင် တံစိုးစားပြီးလျှင် ဆိုးဝါးယုတ်မာ တိုးပွားရှည်ကြာအောင် ကြီးထွားလို့လာခဲ့သော တဏှာယောက်ျား သင်လက်သမား၏။ သဗ္ဗံ၊ တခုမကြွင်း ခပင်းဥသုံ ကိရိယာအစုံ အကုန်လုံးဖြစ်သော။ ဖာသုကာ၊ ညစ်ပူရှုပ်နောက် အဆောက်အဦ အကူတန်ဆာ အတူပါလျက် ထောင့်ငါးရာစက် တွဲဖက်ပူးငင် အခြင်ဒိုင်းမြှား အလားတူစွာ သုံးထောင်ဝက် ကိလေသာတို့ကို။ ဘဂ္ဂါ၊ ကမ္မဂ္ခယိန် ဉာဏ်လက်နက်ဝရဇိန်ဖြင့် ရွယ်ချိန်ပစ်သွင်း၍ အမြစ်အရင်း အုတ်ပန္နက်ကိုပါ နုတ်ဖျက်ချိုးဖဲ့အပ်ကုန်ပြီ။ ဂဟကူဋ္ဌံ၊ သင်ဆောက်လုပ်ပြီး ခန္ဓာကိုယ်တိုက်အိမ်ကြီး၏ ထွတ်ထီးပမာမိုးကာလွှမ်းအုပ် အင်ဇွာတည်းဟူသော ခေါင်အုပ်ကိုလည်း။ ဝိသခ်တံ၊အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ခွာဖျက်လွှင့်ပစ်အပ်ပြီ။စိတ္တံ၊ညစ်နောက်ပူကင်း သန့်ရှင်းအေးကြည်ငါဘုရား၏စိတ်နှလုံးတော်သည်။ ဂိသခ်ါရဂတံ၊ ဤကမ္ဘာလောကဓာတ်တွင် အတောမသတ် ရှုပ်ပွေသည့် အလုပ်တွေဇာတ်သိမ်းလျက် အငြိမ်းဓာတ် နိဗ္ဗာန်ဟူသော အသခ်တ စာကျက်တွင်းသို့ သက်ဆင်းဝင်ရောက်ရလေပြီ။ တဏှာနံ၊ သံသရာဘုံတခွင်မှာ ခန္ဓာအိမ်တွေစီစဉ်၍ စည်ပင်သာယာရုံးထောင်လျက် မဆုံးအောင်ချဲထွင်ကြတဲ့ပပဉ္စတရား တဏှာတည်းဟူသောလက်သမားတို့၏။ ခယံ၊ ကိလေသာ စာရင်းအင်းနှင့် အပင်းအသင်းတွေပါ အကုန်ဖျက်တတ်တဲ့ ထက်မြက်ပြင်းထန် ခယ-ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို။ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမဆယခုကိုယ်တိုင် လက်ကိုင်ရရှိတော်မူခဲ့လေတော့သတည်း။

အစိန္တေယျ ဘုရားရှိခိုး

(၁) အစိန္တေယျ၊ အပွမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလ ပရမံ၊ အရဟံဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရမာရဇိ၊ တြိလောကန္တဂုဏ်၊ သယမ္ဘုံဘဝိဿရ၊ ဤသို့စသော အသချေ်ယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူဒိပ်မှတက်၍၊ ဘဝဂ်တိုင် ကြော်ငြာလျက်၊ ကာမ, ရူပ, အရူပဟု ဩကာသသုံးရပ်၊ လောကခာတ်၌၊ အမြတ်ထက်အမြတ် သမိုက်အပ်သော၊ လူ, နတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည် ပညိန္ဒေ ရှိတိုင်းဖြင့် ခြားပိုင်းတွက် ကျုံး၍ မဆုံးမကုန်နိုင် မကြံစည်နိုင် မအံ့ဩနိုင်၊ ပြည့်လှိုင်ထွေပြား၊ များပြားကျယ်ဝန်းသော ကျေးဇူးတော်အပုံ ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူပေထသော။

(၂) အမျိုးဖြင့် မြတ်သောသူ, ဘုန်းဖြင့် မြတ်သောသူ, ဂုဏ်ဖြင့် မြတ်သောသူတို့သည် မာန်မူဖက်ပြိုင်ခြင်းငှာ မထိုက်၊ မကိုဋ္ဌမင်္ဂလာ ဤကမ္ဘာ၌၊ ပဋမာဒိက၊ ဘူမိပါလ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမုတိဒေဝရာဇ်၊ နေနွယ်ဖြစ်၍ စင်စစ် အမျိုးတော်အားဖြင့် မြတ်သော ဇာတီမဟတ္တတာဂုဏ်။

သုံးဘုံရပ်လုံး၊ ညွှတ်ရုံးကော်ရော်၊ ပူဇော်ဦးညွှတ်ရာဖြစ်၍ စင်စစ် ဘုန်းတော်အားဖြင့် လွန်မြတ်သော ပုညမဟတ္တတာဂုဏ်။

ဝသုန်သေလာ အဇ္ဈာဝါကို မြှုလ္ဘာပြုလျက် နှိုင်းတုံစက်လည်း ကျေးဇူးနက်တိုင် မကုန်နိုင်ဖြစ်၍ စင်စင်ဂုဏ်အားဖြင့် မြတ်သော ဂုဏမဟတ္တတာဂုဏ်။

ဤသုံးစုံကြောင့် လူ့ဘုံနတ်ဗြာန် နှစ်နိုင်ငံ၌ ပြိုင်စံယှဉ်ဖော် မရှာမြဲပြု၊ တဆူတည်းသော အပွဲဒိပ္ပဂိုလ် ဖြစ်တော်မူထသော။

(၃) ဇမ္မူ၊ ကျက်သရေ၊ ချက်ဇမ္ဘူမိ၊ အပရာဇိခရိုင်၊ ညောင်မထွီးဂုံကို၊ ဝိုးပိုင်တော်မူအံ့သော် ကာလ၌ ကာမလောကခေတ်၊ နုနစ်ရင်လုံး၊ ဆတ်ဆတ်လှိုက်ခုံ၊ တုန်ဘာနန်းမျှ၊ သန်းအကုဋ္ဌ၊ နှတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟီး၊ ပဲ့တင်တီးအောင်၊ ဖျက်ဆီးလုယက်လာသော်၊ မေလောဂီရိ၊ တောင့်တရှိမျှ၊ ပြောင်ကြီးသနင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရိန်၊ ဝရဇိန်လှံပြောင်၊ ခဂ္ဂဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူစေ၍၊ ကိုးလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက်တိုက်လှန်ခြင်းငှာ အာနာပါနာ၊ ဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုက္ကဿမာပတ် တို့ကို အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ, ပစ္စဝေက္ခဏဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီတည်းဟူသော ဝသီဘော် ငါးတန်ဖြင့် အတန်တန် လေ့လာပြီးလျှင်။

ရှေးတီးကာလ၊ ဘဝရှည်ကြာ၊ ဖြင်္ဂဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်, အမျိုးစသော ပရမတ်ပညတ်တို့ကို တပ်အပ်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ်။

သုံးတန်ဘုံသား၊ အများဝေနေယျတို့၏ ကမ္မဂတိ၊ စုတိ-ပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရ ပဋ်စ္ဆန္ဒ၊ သဏ္ဌ,သုခုမ ဖြစ်သော ရူပါရုံကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်။

လေးတန်သြဃ၊ အာသဝနှင့်၊ ယောဂ, ဂန္ထ၊ လေးဝဉပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယခုနစ်အင်၊ သံယောဇဉ်ဆယ်တန်၊ ခြုံရုံလျက်သား၊ များစွာသော အကုသိုလ်၊ ဗိုလ်ခြေစစ်သည်တို့ကို ကွပ်ကဲသော သူရဲကိလေသာ၊ ထောင့်ငါးရာတို့ကို စင်စွာပယ်ဖြတ် အလွန်မြတ်သောကြောင့် အရ-ဟတ္တမဂ္ဂအမည်ရသော အာသဝက္ခယဉာဏ်။

ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော်၊ ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံတော်မူသဖြင့် သယမ္ဘူအထွတ် လူတမွတ်ဟု မချတ်သမိုက်အပ်ထသော။

(၄) ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တ၊ ဝေနေယျပုဂ္ဂိုလ်တို့၏ အလို ဆန္ဒ အာသယကျိန်းဟန်ကို ကေန်သိမြင်နိုင်သော အာသယာ-နုသယဉာဏ်။

ဣန္ဒြေရင့်, မရင့်ကို ထောက်ချင့် သိစွမ်းနိုင်သော ဣန္ဒြိယ-ပရောပရိယတ္တိဉာဏ်။

ပရမတ်,ပညတ် အရပ်ရပ်လုံးစုံကို အကုန် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်။

သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်းဟူသော ဥေယျဓံငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်း မရှိသည်ကို သိသော အနာဝရဏဉာဏ်။

ယမိုက်ပြာဋိဟာ လွှတ်ခြင်းငှာ၌ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်။

သနားထိုက်လှသော ဝေနေယျသတ္တဝါတို့ကို လွန်စွာ သနားတော်မူသော မဟာကရုဏာသမာပတ္တိဉာဏ်။

ဤခြောက်တန်သော ဆအသာဓာရဏ ဉာဏလျံပြောင်မြတ်တန်ဆောင်ကို ညွှိထောင်ထွန်းစိုက်တော် မှုပြီးသဖြင့် ဝေးနီးစကြဝဋ္ဌာ သမန္တာရပ် လောကဓာတ်တို့ကို ထုတ်ခပ်ထင်ထင် ရှုမြင်တော်မူနိုင်သော ပသာဒစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခု တည်းဟူသော မျက်စိတော် ငါးလုံးဖြင့် အဆုံးမဲ့မြင်တော်မူပြီးထသော။

(၅) ပလ္လင်, အနိမိသ၊ စက်မမှသည်၊ စဘုတ္ထသတ္တာဟဝယ်၊ ရတနာရွှေအိမ်၊ ချမ်းရိပ်ငြိမ်၌၊ မွေသိမ်စံပယ်တော်မူသောအခါ အဘိဓမ္မာခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာကို လေ့လာဆင်ခြင်တော်မူသော အာနုဘော်တော်ကြောင့်၊ သွေးတော်သားတော်၊ အရိုးတော်စု၊ ဝတ္ထုပသာဒိန္ဒေအလုံးမှ၊ ပြိုးပြုံပြိုးပြက်၊ ရိုးရိုးရက်တောက်ပလျက်၊ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရာ၊ မိလ္လာရည်လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညိုသော ရောင်ခြည်တော်။

ဖဲကတ္တိပါ၊ ဂီဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသော ရောင်ခြည်တော်။

ကသစ်ခေါင်ရမ်း၊ ပန်းကြက်မောက်ပြီ၊ တွေးတွေးချီမျှ၊ နီလှသော ရောင်ခြည်တော်။

သာခွဲဘော်ကြီး၊ ဖွဲ့ဖွဲ့သူသကဲ့သို့ ဖြူသော ရောင်ခြည်တော်။

ပြာလျှံညိုလျှံ၊ ခိုလျှံဗုဒ္ဓပါင်း၊ ရွှမညောင်းမျှ၊ မောင်းသော ရောင်ခြည်တော်။

ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊ လျှပ်စစ် လက်သကဲ့သို့ ပြိုးပြိုးပြက်သော ရောင်ခြည်တော် ဘည်းဟူသော ရောင်ခြည်တော် ဖခြောက်ဆိုင်ကို တပြိုင်တည်း ကွန့်မြူးဝေလျက် လနေအတိ လုံးညီးပြောင်ပြောင်၊ ဗိမာန်ရောင်နှင့်၊ သောင်းဆောင် စကြာဋ္ဌာ၊ ထွန်းလင်းဖြာသော ဗြဟ္မာကြီး တို့၏ ကိုယ်ရောင်ကိုလျက် နှိပ်ပက် လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့် အဆောင် အသောင်းသော လောကဓာတ်ဘိုးကို တလျှပ်လျှပ် တွန်းလင်းတော်မူပြီးသတည်း။

(၆) ပရဟိတ်တက္ကတွန်း၊ ရဟန်းရသေ့၊ မုဆိုးအရည်း၊ ဦးပြည်းတပသီ၊ ဗေဒင်ဂီတို့၏၊ ဝါဒီအလိုက်၊ စဉ်ကိုက်ဘာဝ၊ ကျင့်ဆောင်ကြသော၊ သာသနဥဗဟာဟီ၊ လောကီဝိလို့ဆို ထက်၊ ဆထက်တောင်ကာ၊ သာလွန်ဘိသဖြင့်၊ အဓိသီလဟု သမုတ်အပ်သော အဝဲပဘ်ခုနှစ်ဖုံကို လုံခြုံစွာ စောင့်ကြောင်းဖြစ်သော ပါတိမောက္ခသံဝရ။

ဣန္ဒြေခြောက်ပါးကို တားမြစ်ပိတ်ပင်ကြောင်း ဖြစ်သော ဣန္ဒြိယသံဝရ။

မိစ္ဆာဇီဝမှ ကြဉ်ခွာလျက် စင်ကြယ်စွာ အသက်မွေးကြောင်း ဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ။

ပစ္စည်း ၄-ဖြာကို ပစ္စဝေက္ခဏာဖြင့် သုံးသပ်ခြင်းတည်း ဟူသော ပစ္စယသန္နိဿိတသီလ။

ကျိုလေးဝသော စတုပါရိသုဒ္ဓိတံခွန်၏ အလွန်ဖြူစင် မြင့်မတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ။

မဟဂ္ဂုတ်လောကုတ္တရာ၊ ဈာန်၌သာလျှင်၊ မြဲမြံစွာ ဇလွ လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ။

ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒီ ဝိတဏ္ဍိညစ်ကြေးမှ ကင်းဝေးစင်ဖြူလျက် အယူ၏ စင်ခြင်းတည်းဟူသော ဒိဋ္ဌိ ဝိသုဒ္ဓိ။

၁၆-ပါးသော ယုံမှားသင်္ကာကို ဖြတ်ခွာလွန်မြောက် နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

မဂ်ဟုတ်သည်, မဟုတ်သည်ကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

မဂ်သို့ရောက်ကြောင်း အကျင့်ကောင်းကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ။

မဂ် ၄-ရပ်နှင့် သဟဇာတ် သမ္ပယုတ်ဖြစ်၍ သစ္စာ ၄-တန်ကို ၁၆-နက် ဝေဖန်၍ ကောန်သိမြင်နိုင်သော ဉာဏ-ဒဿနဝိသုဒ္ဓိ တည်းဟူသော သုဒ္ဓိခုနစ်ပါး တရားတို့ဖြင့်၊ သရဖူမကိုင်၊ ဦးစိုက်မင်းလာ၊ မြတ်တန်ဆာကို တင့်တယ်စွာ ဆင်ယင်လျက်။

တဒင်္ဂပိမုတ္တိ, ဝိက္ခမ္ဘနပိမုတ္တိ, သမုစ္ဆေဒပိမုတ္တိ, ပဋိ-ပဿမ္ဘနပိမုတ္တိ, နိဿရဏပိမုတ္တိတည်းဟူသော ပိမုတ္တိငါးရပ်၊ တရားမြတ်ကြောင့်၊ လောကမာတ်အားလုံး၊ ညွတ်ကျိုး ပူဇော်ရာ၊ အဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခ မုနိ, ပစ္စေကမုနိတို့ထက် ကဲထက်လွန်မြတ်စွာ မုနိန္ဒဘိပဝရ အတုလမုနိလည်း ဖြစ်တော်မူထသော။

(၇) ဂင်္ဂါဝါလု၊ သဲစုမြူဟန်၊ ပမာတန်ကဲ့သို့၊ မနုဿဂူ၊ နိဗ္ဗာန်ယူကုန်သော ဆူဆူမြတ်စွာ၊ စောင်းတွာဘို၏ သွားရှုလမ်းကြောင်း၊ စရိုက်ကောင်း မူလဖြစ်သော သီလ သံဝရ, ဣန္ဒြိယသံဝရ, ဘောဇနမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ, စတ္တာရိစျာန တည်းဟူသော စရဏတရား တဆယ့်ငါးပါး တို့ကို အားသစ်ကျင့်ဆောင်တော်မူသဖြင့်။

သယမ္ဘူတကာ ပြည့်စုံရာသော နာနာကုလတို့၏ ဝေါဟာရ သဒ္ဒါအနက်ကို အချက်ကျ သိနိုင်သော အတ္ထ. ပဋိသမ္ဘိဒါ။

ဝါစာဂိုတ်၊ နှုတ်သံလွတ်က၊ ဇာတ်ဘူတ, မတ္တတ္တ ဘာသာဟူသမျှကို ကေန္တသိနိုင်သော ဓမ္မပဋိသမ္ဘိဒါ။

တခုတခုသော ပုဒ်အက္ခရာ၊ သဒ္ဒါ၏ အလုံကို ဝိဂြိုဟ် စနတ်၊ ဓာတ်,ပစ္စည်း,လိင်,အန်ဖြင့် ဝေဖန်ရှု သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။

ကိုယ်တော်သိသမျှ တရားကို သူတပါး သိစိမ့်သောငှာ သဒ္ဒါ ပညတ်သို့ တင်၍ စုံလင်စွာ မြွက်ဆိုတတ်သော ပဋိဘာန ပဋိသမ္ဘိဒါ တည်းဟူသော သမ္ဘိဒါလေးပါး။

ဣဒ္ဓိဝိဓ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိ-ဝါသာနုဿတိ, ယထာကမ္မုပဂ, အနာဂတံသ တည်းဟူသော အဘိညာဉ် ခုနစ်ပါး။

ရူပစျာန် လေးရပ်, အရူပစျာန် လေးခုပ်အားဖြင့် သမာပတ်ရှစ်ပါး၊ ကျေးဇူးတော် တဆယ့်ရှစ်ပါး၊ ထူးပြားဆန်းကြယ်၊ အံ့ဖွယ်တော် တဆယ့်ရှစ်စုံ၊ ထိုမျှဂုဏ်ကို အုပ်ခြုံစိုးပိုင်တော် မူပြီးထသော၊ ကိုလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်၊ ဤလေးတန်တို့ကို တိုက်လှန် ဖြိုခွဲ၊ အောင်ပွဲယူနိုင်၊ ရဲခါင်တိုင်သော ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံကို တဖန်အသစ် မဖြစ်စေခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လ ပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင် စိမ့်သောငှာ လွန်စွာ လုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန် လေးပါး။

ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်တည်း ဟူသော ဣဒ္ဓိပါဒ်လေးပါး။

သဒ္ဓါန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတည်း ဟူသော ငါးန္ဒြေငါးပါး။

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး။

သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ-အာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတည်း ဟူသော မဂ္ဂင်ရှစ်ပါး။

ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့၍ သုံးဆယ့်ခုနစ်ရပ် အလွန်မြတ်သော ဗောဓိပက္ခိယ ဓမ္မအကျော် ရဲမက်တော် တို့ကို ကိုယ်ရံတော်ကြီး ဦးစီးဗိုလ်ချုပ်တင်လျက် အသင်္ချေ ခြေ၊ တွက်ရေမဆုံး၊ ပတ်ကုံး ကိုလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းဒေါင်၊ ခုတ်စဉ်း တိုက်သင်မ်း၊ အငြိမ်းအောင် မြင်တော်မူသဖြင့် အသန်တာ၊ ခေမင္ကရာဘုံ၊ မြောရုံသဘင်၊ မြိုက်နှုန်းခွင်၌၊ ဦးကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။

(၇) လေးအသင်္ချေ၊ လွန်လေတင်းန်း၊ အကိန်းများလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြိုးပမ်း၊ ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော၊ ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန်ပါရမီ, ဥပေက္ခာ

ပါရမီ၊ ဆယ်လီသုံးစုံ၊ ကုသိုလ်ဟုန်ကြောင့်၊ လူ့ဘုံစံပျော်၊ အလောင်းတော်ဖြစ်ခါကပင်၊ကာလာဝက,ဂင်္ဂေယျနှင့်,ပဏ္ဍရ, တမ္ပ, ပိဂ်လ, ဂန္ဓ, မဂ်လ, ဟေမ, ဥပေါသထ, ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့၏ ဆယ်တက် ဆယ်တက်စီသောအားကို ဆောင်နိုင်သည်ဖြစ်၍ ယောကျ်ား ဗိုလ်ခြေ ကုဋ္ဌေတသောင်းတို့၏ ကာယဗလ။ ဌာနာဌာန ကောသလ္လဉာဏ်, ဝိပါကဉာဏ် သဗ္ဗတ္ထဂါမိနီဉာဏ်, နာနာဝေတုဉာဏ်, အဓိမုတ္တိဉာဏ်, ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်, စျာနာဒိသံကိလေသဉာဏ်, ပုဗ္ဗေနိဝါသ ဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်တည်း ဟူသော ဆယ်ပါးသော ဉာဏဗလကို ရတော်မူသည်ဖြစ်၍။

လူ့ပြည်နတ်ရပ်၊ ခေတ်သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင်နိုင်တော်မူခြင်းတည်းဟူသော ဣဿ ရိယဘုန်းတော်။

လောကုတ္တရာတရား၊ မြတ်ရှစ်ပါးသို့၊ ထင်ရှားစွာရောက်ခြင်းတည်းဟူသော ဓမ္မဘုန်းတော်။

နရက်ဘဝဂ်၊ အောက်ထက်ပြန့်လှိုင်၊သုံးခရိုင်၌၊ အဆုံးတိုင်ကျော်စောတော်မူခြင်းတည်းဟူသော ယသဘုန်းတော်။

သုံးဆယ့်နှစ်ပါး၊ ယမိုက်ထားသော၊ ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြုတော၊ ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံတော်မူခြင်းတည်းဟူသော သိရီဘုန်းတော်။

အလိုတော်ရှိသမျှ တမဏသာ ပြည့်စုံလာခြင်းတည်းဟူသော ကာမဘုန်းတော်။

နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူစွာလှ၊ သင်ဆုံးမသောကြောင့်၊ လောကလုံးကိုးကွယ်ရာ၊ ဆရာအဖြစ်သို့၊ ရောက်တော် မူခြင်းတည်းဟူသော ပယတ္တဘုန်းတော်။

ဤခြောက်ဖော်သော၊ ဘုန်းတော်အမြတ်၊ ဂုဏ်ရဟတ်ဖြင့်၊ လောကဓာတ်အဆုံး၊ ညွှတ်ရုံးကြည်သာ၊ ကောင်းချီးငြာလျက်၊ ဘဂဝါဟူသော ဘွဲ့ပုံတော်အထူးဖြင့်၊ ညွှတ်နူးကော်ရော်၊ ပူဇော်ချီးပအပ်သည်လည်းဖြစ်တသော။

(၉) အစုဆသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက် အနန္တဘဝ၊ ဖြစ်သမျှတို့၌၊ ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီးငါးအင်ကိုမဂ္ဂင်ဖောင်ပျံ စံလိုသူ အပေါင်းတို့ထက်ကဲဆောင်းလွန်မောက်၍ အထောက်မတန်ပြုခဲ့သော ဟေတုသမ္ပဒါ မြတ်သမ္ဘာကြောင့်။

အဏိမာ, လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမ ဝသာယ်တာဟု၊ ဘာသာမဂဓိုရ်၊ ရာဇ-ဂြိုဟ်ဥဒါန်းနှင့်အညီ၊ ရုံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်

ယုတေသန စာကြည့်တိုက်

လောက်ရှိသော အဏုမြူပမာ သိမ်မွေ့စွာသော ကိုယ်တော်ကို ဖန်ဆင်းတော်မူနိုင်ခြင်း။

ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လွှား၊ သွားတော်မူနိုင်ခြင်း။

ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြဝဋ္ဌာ တိုက်လုံး၊ လွှမ်းဖုံးပတ်လှည့်၊ ကိုယ်တော်ပြည့်အောင်တရှိ ထိုင်တော်မူနိုင်ခြင်း။

မြေထုရေထု၊ နေရုပဗ္ဗတာ၊ သီလာတောင်ထပ်၊ အတွင်း ရပ်တို့ကိုလည်း၊ကျဉ်းကြပ်ပိတ်ဆည်းခြင်းမရှိ၊ ပကတိကောင်း ကင်၊ ဟင်းလင်းပြင်ကဲ့သို့ လျှိုးဝင်ထွင်းဖောက်၊ ကြွရောက် တော်မူနိုင်ခြင်း။

မနောခိဋ္ဌာန်၊စိတ်တော်ကြံတိုင်း၊ ကမ္မာကမ္မ၊ ဟူသမျှတို့၊ ကုံငပြီးမြောက်ခြင်း။

သုံးဆယ့်တဘုံ၊အလုံးစုံကို၊ အုပ်ခြုံစိုးပိုင်တော်မူခြင်း။

လောကီစျာန်ရပ်၊သမာပတ်တို့ကို၊ မပြတ်ဝင်ကာ၊လိုတိုင်း ပါအောင်၊ လေ့လာတော်မူနိုင်ခြင်း။

သက်မရှိသော ဂီရိဗဟို၊ တောင်မြင်းမိုရ်မှ၊ လိုတော်လိုက် ကာ၊ ညွှတ်ငိုက်လာခြင်းတည်းဟူသော တန်ခိုးရှစ်ဦး၊ ဘုန်း တော်ထူးဖြင့်၊ အံ့မှူးကြီးပိုင်၊ မချီးနိုင်၍၊ ကပြိုင်တည်လျက်၊

၂၇၁၃၃

တပြိုင်ပျက်သော၊ စကြဝဋ္ဌာတိုက်နေ၊ သိန်းကုဋ္ဌေလုံး၊ ရွှေမုဋ္ဌာန်စွမ်း၊အာဏာရွမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့်ကြွေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ မင်းခေါင်မင်းဖျား၊ မင်းတရား အစစ်လည်း ဖြစ်တော်မူ ထသော။

(၁၀) လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက် ဖိစီးနှိပ်စက်တတ်သော ပီဋ္ဌနအနက်။

ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း တရား လေးပါးတို့သည် ပြုပြင်စီရင်တတ်သော သန်တအနက်။

မရောင့်ရဲစွာ သတ္တဝါတို့ကို လောင်ဆာပူပန်စေတတ်သော သန္တာပအနက်။

ဇရာ, မရဏ, သောက, ပဋိသန် တို့ဖြင့် ဖောက်ပြန် ပျက်စီး တတ်သော ဝိပရိဏာမ အနက် တည်းဟူသော လေးပါးသော ဒုက္ခ သစ္စာ၏ အနက် တို့ကိုလည်းကောင်း။

အစမထင် သံသရာ၌ လူးလာ စုန်ဆန် အဖန်ဖန်သွား လာခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်။

ဝဋ်ဆင်းရဲ အပေါင်း၏ အကြောင်းမူလ ဖြစ်သော နိဒါနအနက်။

ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွင် တဖင်ဖင်ဖြင့် ယှဉ်စေ တတ်သော သံယောဂအနက်။

ထွက်မြောက်ကြောင်း မဂ္ဂသစ္စာကို ဆီးကာတားမြစ်ကတ်သော ပလိဗောဓ အနက် တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

သံသရာဝဋ်မှ ထွက်လွှတ် ကူးမြောက်ပြီးသော နိဿရဏ အနက်။

ပြုပြင်ရာ သင်္ခါရတို့မှဆိတ်သော ဝိဝေကအနက်။

ပြုပြင်ခြင်းကင်းမဲသော အသင်္ခတအနက်။

သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်း ချမ်းသော အမတအနက် တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

ဝဋ်ဒုက္ခ အပေါင်းမှ ကောင်းစွာ ထွက်မြောက်တတ်သော နိယျာနိကအနက်။

နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဟေတုအနက်။

နိဗ္ဗာန်ကိုမြင်တတ်သော ဒဿနအနက်။

သစ္စာလေးမျိုးကို အစိုးရသော အဓိပတေယျ အနက် တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

အကြောင်း အကျိုး အားလျော်စွာ လေးပါး သစ္စာကို ဒဿနာကာရဖြင့် သောဋ္ဌသ ဝေဖန်၍ ရွှေဉာဏ်ထင်ထင် ရွှေလက်တင် ပတ္တမြားကဲ့သို့ ပိုင်းခြား သိမြင်တော်မူသည့် အလျောက် အထောက်အခံ ကံဉာဏ်ကြီးရင့် ပွင့်ထိုက် သောသတ္တဝါ ဝေနေယျာကို ပွင့်ပါစေနှလုံးဖြင့် စွေချုန်း ထစ်ကြိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဝှန် ရွာဖြန်း သွန်သော မေဃဝန်တမျှ ဓမ္မဘေရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူပေတတ် သော သုံးရပ်လုံးဆရာ ဒေပါတိဒေဝိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ တိဘဝပါရဂူ အဘိဘူ ပါမောက္ခ အနုတ္တရ သင်းကျစ် မဟာဓမ္မရာဇ်မြတ်ရှင်ချစ်ကို။ အဟံ။ ကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ။



ဘုရားဂုဏ်တော် ကိုးပါး

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္မုဒ္ဓေါ, ဝိဇ္ဇာ-စရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသ ဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါတိ။ တမဟံ, အဘိပူဇယာမိ၊ တမဟံ သိရသာ နမာမိ။

၁။ ရွှေဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားသည် ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော် အထူးကို ခံတော်မူထိုက်သော အရဟံ ဂုဏ်တော်။

၂။ သစ္စာဥေယျ ခမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ် ရွှေဘုဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော် မူတတ်သော သမ္မာသမ္မုဒ္ဓ ဂုဏ်တော်။

၃။ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတရား တဆယ့်ငါးပါး တို့နှင့် ပြည့်စုံတော် မူတတ်သော ဝိဇ္ဇာစရဏသမ္ပန္ဓ ဂုဏ်တော်။

၄။ ကောင်းသော စကားကို ဆိုတော်မူတတ်သော သုဂတ ဂုဏ်တော်။

၅။ လောကသုံးဘုံ အလုံးစုံကို ကုန်စင်ခပင်း မကျန်ကြွင်း အောင် အလင်းထင်ပေါ် သိမြင်တော်မူတတ်သော လောက ဝိဒူ ဂုဏ်တော်။

၆။ မယဉ်ကျေးသော လူယောကျ်ား, နတ်ယောကျ်ား, ဘီလူးယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေး အောင်ပြု ဆုံးမမှုဝယ် အတုမရှိ မြင့်မြတ်တော်မူသော အနု-တ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်။

၇။ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာတဆူ ဖြစ်တော်မူသော **သတ္ထာဒေဝမနုဿာန** ဂုဏ်တော်။

၈။ သစ္စာလေးပါး မြတ်တရားကို သတ္တဝါဝေနေယျတို့အား သိမြင်အောင် ဟောကြားတော်မူတတ်သော **ဗုဒ္ဓ** ဂုဏ်တော်။

၉။ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တတည်းဟူသော ဘုန်းတော် ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော **ဘဂဝါ** ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေ၏။ ထို 'အရဟံ'အစ 'ဘဂဝါ'အဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကို တပည့်တော်သည် ရိုသေလေးမြတ် ပျပ်ဝပ်ကော်ရော် ပူဇော်ပါ၏။ တပည့်တော်သည် ဦးခေါင်းရဘနာ မြတ်အင်္ဂါဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

တရားဂုဏ်တော် ခြောက်ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, သြပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။ တမဟံ အဘိပူဇယာမိ၊ တမဟံသိရသာ နမာမိ။

၁။ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် အမြတ်ဆယ်ဘော် တရားတော်သည် စ, လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်

နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော သွာက္ခာတ ဂုဏ်တော်။

၂။ ကျင့်ဆောင်သူကို အားထုတ်ခြင်းဖြင့် ဝိဇ္ဇာ ၃ ပါး၊ ဥပါဒိသေသနိဗ္ဗာန်ဓာတ်ကို ရောက်ရှိသော သူတော်ကောင်းတို့ကို ဆွမ်းခံ ကပ်လှူခြင်းဖြင့် ကြီးစွာသော ကျေးဇူးကို ပြုတတ်သော သူတော်ကောင်းတို့၏ ဂုဏ်တော်။

၃။ ကာလမရွေး ကျင့်သင့်သည်ကို ကျင့်ကြံခြင်းဖြင့် ကိုယ်နှင့် စိတ်ကို ကြီးစွာသော ဆင်းရဲခြင်းမှ ကယ်တင်တတ်သော ဘုရားတရားတို့၏ ဂုဏ်တော်။

၄။ ကာလမရွေး ကျင့်သင့်သည်ကို ကျင့်ကြံခြင်းဖြင့် ကိုယ်နှင့် စိတ်ကို ကြီးစွာသော ဆင်းရဲခြင်းမှ ကယ်တင်တတ်သော ဘုရားတရားတို့၏ ဂုဏ်တော်။

၅။ ကာလမရွေး ကျင့်သင့်သည်ကို ကျင့်ကြံခြင်းဖြင့် ကိုယ်နှင့် စိတ်ကို ကြီးစွာသော ဆင်းရဲခြင်းမှ ကယ်တင်တတ်သော ဘုရားတရားတို့၏ ဂုဏ်တော်။

၆။ ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည် အသီးအသီး မိမိတို့သန္တာန်၌ ချမ်းသာလေစ ကောင်းလေစဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစား သိမြင်ခြင်းငှါ စွမ်းနိုင်သော ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေ၏။ ထို 'သွာက္ခာတ' အစ 'ဝေဒိတဗ္ဗ' အဆုံး ဘဝင် ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်အပေါင်းကို တပည့်တော်သည် ရိုသေလေးမြတ် ပျင်ဝပ်ကောင်းရောင် ပူဇော်ပါ၏။ တပည့်တော်သည် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သံဃာဂုဏ်တော် ကိုးပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိ-
ပန္နော ဘဂဝတော သာဝကသံဃော, ဉာယပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော, သာမီစိပ္ပဋိပန္နော ဘဂဝ
တော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ
အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော,
အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိ-
ကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ
တမေတံ အာဘိပူဇယာမိ၊ တမဟံ သိရသာ နမာမိ။

(၁) ရှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ တပည့်
သား သံဃာတော်မြတ် အပေါင်းသည် အမြဲသီလ, အဓိစိတ္တ,
အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော အကျင့်
ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူသော **သုပ္ပဋိပန္နဂုဏ်တော်**။

၂။ အမြဲသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်
ဖြောင့်မတ်သော အကျင့်ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူသော
ဥဇုပ္ပဋိပန္နဂုဏ်တော်။

၃။ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်
သင့်မြတ်သော အကျင့်ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူသော
ဉာယပ္ပဋိပန္နဂုဏ်တော်။

၄။ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ရှိသော
အပ်သော အကျင့် ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူသော
သာမီစိပ္ပဋိပန္နဂုဏ်တော်။

၅။ ရှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ ဒုစရိုအားဖြင့် လေးပါး အာသီးအခြားအားဖြင့် ရှစ်ပါးသော တပည့်သား သံဃာတော်မြတ်အပေါင်းသည် အဝေးမှ ယူဆောင်၍မူလည်း ပေးလှူအပ်သော အလှူကို ခံယူခြင်းငှါ ထိုက်တန်စွာသော **အာဟုနေယျ** ဂုဏ်တော်။

၆။ ညှဉ်သည်အလိုငှါ ရည်၍ထားသော အလှူဝတ္ထုကို ခံယူခြင်းငှါ ထိုက်တန်စွာသော **ပါဟုနေယျ** ဂုဏ်တော်။

၇။ မြတ်သော အလှူဝတ္ထုကို ခံယူခြင်းငှါ ထိုက်တန်စွာသော **ဒက္ခိဏေယျ** ဂုဏ်တော်။

၈။ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူခြင်းငှါ ထိုက်တန်စွာသော **အဉ္ဇလိကရဏီယ** ဂုဏ်တော်။

၉။ ကောင်းမှုမျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော **အနုတ္တရံ ပုညက္ခေတ္တ** ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေ၏။ ထို 'သုပ္ပဋိပန္နော' အစ 'ပုညက္ခေတ္တံ' အဆုံး ဘင်္ဂလားမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်အပေါင်းကို တပည့်တော်သည် ရှိသေလေးမြတ် ပျပ်ဝပ်ကော်ရော် ပူဇော်ပါ၏။ တပည့်တော်သည် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သံဃာဂုဏ်တော်ကိုးပါး ပြီး၏။

ငါးပါးသီလ ခံယူပုံအစဉ်

ဩကာသ, ဩကာသ, ဩကာသ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော သုံးပါးသော ကံတို့တွင် တပါးပါး သောကံဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါ စေခြင်းအကျိုးငှါ ပဌမ, ဒုတိယ, တတိယ တကြိမ်, နှစ်ကြိမ်, သုံးကြိမ် မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ, မိဘ ဘိုးဘွား, ဆရာသမားတို့အား ရိုသေ မြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါး စသည်တို့မှ ဒုစရိုက်သိမ်းကင်းလွတ် ငြိမ်းသည်ဖြစ်၍ မင်္ဂလာ, ဖိုလ်ဟူသော နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်မြတ်ဘုရား။

သရဏဂုံနှင့် ငါးပါးသီလ တောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ် ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ် ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

တတိယမွိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆိုပါ။)

ပဋိဒံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမွိ ပဋိဒံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမွိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမွိ သံဃံ သရဏံ ဂစ္ဆာမ်။

တတိယမွိ ပဋိဒံ သရဏံ ဂစ္ဆာမိ၊ တတိယမွိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမွိ သံဃံ သရဏံ ဂစ္ဆာမိ။

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမ်။

သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ပန်း-ရေချမ်း-ဆီမီး-ဆွမ်းကပ်လှူရန်

ပန်းကပ်လှူပူဇော်ရန်—

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ ဝဋ္ဌတော၊ အဖန်တလဲလဲ ဆင်းရဲမြင့်ရှည် ကျင်လည်တတ်သော ဝဋ္ဌဒုက္ခမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ အတုလဿ၊ သီလ-သမာဓိ-ပညာ စသော ဂုဏ်တို့ကြောင့် တစုံတယောက်သောသူနှင့် တူတော်မမူသော မြတ်စွာဘုရား သခင်အား။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ ပူဇေမ၊ ပူဇော်ပါကုန်၏။ တေန ပုညေန၊ ထိုကောင်းမှုကြောင့်။ သီလာဒိ အလင်္ကာရံ၊ သီလ- သမာဓိ- မဂ်ပညာ- ဖိုလ်ပညာ စသော တန်ဆာတို့ကို။ အလင်္ကာရောမ၊ ပန်ဆင်ကြရပါလို၏ အရှင်ဘုရား။

ရေချမ်းကပ်လှူပူဇော်ရန်—

အရဟံအစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သြဃတော၊ ကာမောဃ ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတည်းဟူသော လေးပါးသော သြဃတို့မှ။ ဥတ္တိဏ္ဏတ္ထာယ၊ ကူးမြောက်ပါရခြင်း အကျိုးငှါ။ ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားအပေါင်းတို့ကို အကြွင်းမရှိ သိတော်မူသော မြတ်စွာဘုရားသခင်အား။ ဝလဉ္ဇောဒကေန၊ သုံးဆောင်တော်ရေဖြင့်။ ဒဒါမ၊ ကပ်လှူပါကုန်၏။ တေန ပုညေန၊ ထိုကောင်းမှုကြောင့်။ အဂ္ဂ မဂ္ဂ ဉာဏ ဥဒကံ၊ အရ

ဟတ္တ မင်္ဂလာတည်းဟူသော ရေစင်ကို။ ပရိဘုဉ္ဇာမ၊ သုံး ဆောင်ခံစားရပါလို၏ အရှင်ဘုရား။ ဘဝေ ဘဝေပါ၊ ဘဝတိုင်း ဘဝတိုင်းဌိလည်း။ ဝိပဿနာ ဉာဏောဒယကန၊ ဝိပဿနာ ဉာဏ်တည်းဟူသော ရေစင်ဖြင့်။ ကိလေသမလေ၊ ကိုယ်တွင်း ကိုယ်ပတိုဋ္ဌ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ တည်းဟူသော အညစ်အကြေးတို့ကို။ ဓောဝါမ၊ ဆေးကျော် သုတ်သင်ကြရပါလို၏ အရှင်ဘုရား။

ဆီမီးကပ်လှူပူဇော်ရန်—

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သြဃတော၊ သံသရာတည်းဟူသော ပင်လယ်ရေအလျင်မှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ လောကဇေဋ္ဌသ၊ လူသုံးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူသော မြတ် စွာဘုရားသခင်အား။ ပဒီပေဟိ၊ ဆီမီးတို့ဖြင့်။ ပူဇေမ၊ ပူဇော် ပါကုန်၏။ တေန ပုညေန၊ ထိုကောင်းမှုကြောင့်။ အဂ္ဂ မဂ္ဂ-ဉာဏ ပဒီပံ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဆီမီးအလင်းကို။ လဘာမ၊ ရကြပါလို၏ အရှင်မြတ်ဘုရား။ ။

ဆွမ်းကပ်လှူပူဇော်ရန်—

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သံသာရ ဝန္ဒ ဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ အပေါင်းမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုး

ဌါ။ ဘဂဝတော၊ ဣဿရိယ, ဓမ္မ,ယသ, သိရီ,ကာမ, ပယတ္တ-
တည်းဟူသော ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်
မူသော မြတ်စွာဘုရားသခင်ဒေါ်။ ဘောဇနေနဟိ၊ အဆင်း,
အနံ့,အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်တို့ဖြင့်။ ဒဒါမ၊
ကပ်လှူပါကုန်၏။ တေန ပုညေန၊ ထို ကောင်းမှုကြောင့်။
အမတံ ပါနံ၊ အမြိုက် နိဗ္ဗာန်တည်းဟူသော သုဒ္ဓါဘုတ်ကို။
ပရိဘုဉ္ဇာမ၊ သုံးဆောင်ခံစားရပါလို၏ အရှင်ဘုရား။ ဘဝေ
ဘဝေပိ၊ ဘဝတိုင်း ဘဝတိုင်းဠ်လည်း။ ခုပ်ပါသာဒိဟိ၊
မွတ်သိပ်ဆာလောင်ခြင်း စသည်တို့မှ။ မုတ္တာ၊ ကင်းလွတ်ကြ
ကုန်သည်။ ဘဝါမ၊ ဖြစ်ကြရပါလို၏ အရှင်ဘုရား။



၁-မင်္ဂလသုတ္တ

၁၀။ ယံ မင်္ဂလံ ဒ္ဒါဒသ ဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊မင်္ဂလံ တံ ဘဏာမ ဟေ။

၁၂။*ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟာရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အာဘိက္ကန္တာယ ရတ္တိယာ အာဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတ္ဝာ
ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတ္ဝာ
ဘဂဝန္တံ အဘိဝါဒေတ္ဝာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁၃။*ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၁၄။*အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယ္ယာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

---

*ခုဒ္ဒကပါဋပါဠိယံ ၃-ပိဋ္ဌေ၊ သုတ္တနိပါတပါဠိယံ ၃၁၈-၉-ပိဋ္ဌေသု ။

၁၅။*ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ တေံ မင်္ဂလမုတ္တမံ။

၁၆။*ဗာဟုသစ္စဉ္ဉ သိပ္ပဉ္ဉ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ တေံ မင်္ဂလမုတ္တမံ။

၁၇။*မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ တေံ မင်္ဂလမုတ္တမံ။

၁၈။*ဒါနဉ္ဉ ဓမ္မစရိယာ စ၊ ဉာတကာနဉ္ဉ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ တေံ မင်္ဂလမုတ္တမံ။

၁၉။*အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ တေံ မင်္ဂလမုတ္တမံ။

၂၀။*ဂါရဝေါ စ နိဝါတော စ၊သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ တေံ မင်္ဂလမုတ္တမံ။

၂၁။*ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္ဉ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ တေံ မင်္ဂလမုတ္တမံ။

၂၂။*တပေါ စ ဗြဟ္မစရိယဉ္ဉ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ တေံ မင်္ဂလမုတ္တမံ။

၂၃။*ဖုဋ္ဌဿ လောကမမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ တေံ မင်္ဂလမုတ္တမံ။

---

*ဒုဗ္ဗကပါဌပါဋိယံ ၄-ဂိဋ္ဌေ၊ ဘုတ္တနိပါတပါဋိယံ ၃၁၉-ပိဋ္ဌေ စ။

၂၄။ *တောဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။
မင်္ဂလသုတ္တံ နိဋ္ဌိတံ။

၂-ရတနသုတ္တ

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတဉာဏပဋိဝေဓံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတ္ဝာ
ဝေသာလိယာ တိသု ပါကာရန္တရေသု
တိယာမရတ္တိံ ပဓိတ္တံ ကရောန္တော
အာယာသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညံ တတ္ထ ဥပဋ္ဌပေတ္ဝာ—

---

*ခုဒ္ဒကပါဋပါဠိယံ ၄-ဗိန္ဒု၊ သုတ္တနိပါတပါဠိယံ ၃၃-ဗိန္ဒု ဝါ။

၂၆။ ကောဠီသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟော။

၂၈။*ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။*တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃၀။*ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။*ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သက္ယမုနီ သမာဟိတော။

---

*ခုဒ္ဒကပါဌပါဠိယံ ၄-၅-ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ ၃၁၂-ပိဋ္ဌေ စ။

နေတေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၂။ *ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကညေ မာဟု။
သမာဓိနာ တေန သမော နတ္ထိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၃။ *ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယ္ယာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၄။ *ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမ္္ိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယ္ဟ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခုဒ္ဒကပါဋပါဠိယံ ၅-ပိဋ္ဌေ၊သုတ္တနိပါတပါဠိယံ ၃၁၂-၃-ပိဋ္ဌေသု ဧ။

၃၅။ *ယထိန္ဒခီလော ပထဝိသိတော သိယာ၊
စတုဒ္ဒိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၆။ *ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၇။ *သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၃၈။ *စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘိဗ္ဘု ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခုဒ္ဒကပါဌပါဠိယံ ၆-ပိဋ္ဌေ၊ သုတ္တနိပါတပါဠိယံ ၃၁၃-၄-ပိဋ္ဌေသု စ။

၃၉။ *ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အာဘုဿ သော တဿ ပဋိစ္ဆဒါယ၊
ဝ
အာဘုတာ ဒဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံယေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၀။ *ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ *ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ *ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

---

*ခုဒ္ဒကပါဌပါဠိယံ ၆-၇-ပိဋ္ဌသု၊ သုတ္တနိပါတပါဠိယံ ၃၁၄-ပိဋ္ဌေ စ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ *ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ *ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ။
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ *ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

၃-မေတ္တသုတ္တ

၄၆။ ယဿာနုဘာဝတော ယက္ခာ၊နေဝ ဒဿေန္တိ ဘီသနံ။
ယဉ္စိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝံ'မတန္ဒိတော။

---

*ခုဒ္ဒကပါဌပါဠိယံ ၇-ဝ-ပိဋကေသု၊ သုတ္တနိပါတပါဠိယံ ၃၀၅-ပိဋကေ ဝ။

၄၇။ သုခံ သုပတိ သုတ္တောဝ စ၊ ပါပံ ကိဉ္စိ နပဿတိ။
ဝေမာဒိဂုဏ္ဍုပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၄၈။ *ကရဏီယမတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကောဥဇူ စ သုဟုဇူ စ၊
သုဝစောစဿ မုဒု အနတိမာနီ။

၄၉။ *သန္တုဿကောစ သုဘရေ စ၊
အပ္ပကိစ္စောစ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယောစ နိပကောစ၊
အပ္ပဂဗ္ဘောကုလေသ္ဝ'နနုဂိဒ္ဓေါ။

၅၀။ *နစ ခုဒ္ဒ'မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနောဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၅၁။ *ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ'နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

---

* ခုဒ္ဒကပါဌပါဋ္ဌိယံ ၁၀-၁၁-ပိဋ္ဌေသု၊ သုတ္တနိပါတပါဋ္ဌိယံ ၃၀၀-၃၀၁-ပိဋ္ဌေသု စ။

၅၂။*ဒိဋ္ဌာ ဝါ ယေ စ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၅၃။*န ပရော ပရံ နိကုဗ္ဗထ၊
နာတိမညေထ ကတ္ထစိ နံ ကဉ္စိ။
ဗျာရောသနာ ပဋိဃသညေ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၅၄။*မာတာ ယထာ နိယံ ပုတ္တံ
မာယုသာ ကေပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၅၅။*မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရံ အသပတ္တံ။

၅၆။*တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ'သ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ'မေတံ ဝိဟာရ'မိဓ မာဟု။

---

* ခုဒ္ဒကပါဌပါဠိယံ ၁၁-ပိဋ္ဌေ၊ သုတ္တနိပါတပါဠိယံ ၃၀၁-ပိဋ္ဌေ စ။

၅၇။ *ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယ္ယ ဂေဓံ၊
နာ ဟိ ဇာတု'ဂ္ဗဘသေယ္ယ ပုန ရေတိ။
မေတ္တာသုတ္တံ နိဋ္ဌိတံ။

၄-ခန္ဓသုတ္တ

၅၈။ သဗ္ဗာသီဝိသ ဇာတိနံ! ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာကွေတ္တမ္ပိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟော။

၆၀။ †ဝိရူပက္ခေဟိ မေ မေတ္တံ၊
ဧမေတ္တံ ရောပထေဟိ မေ။
ဆဗ္ဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။

၆၁။ †အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒ္ဝိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

---

*ခုဒ္ဒကပါဋပါဠိယံ ၁၁-ပိဋ္ဌေ၊ သုတ္တနိပါတပါဠိယံ ၃၀၂-ပိဋ္ဌေ စ။
† ဝိနယပိဋကေ စူဠဝဂ္ဂပါဠိယံ ၂၄၅-ပိဋ္ဌေ၊ ဇာတကပါဠိယံ ပဌမ-ဘာဂေ ၅၃-ပိဋ္ဌေ၊အဂ်ုတ္တရနိကာယေ ပဌမဘာဂေ ၃၀၄-ပိဋ္ဌေ စ။

၆၂။ *မာ မံ အပါဒကော ဟိံ သိ၊ မာ မံ ဟိံ သိ ဒ္ဒိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံ သိ၊ မာ မံ ဟိံ သိ ဗဟုပ္ပဒေါ။

၆၃။ *သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကဉ္စိ ပါပ'မာဂမာ။

၆၄။ *အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဋူ မူသိကာ။

၆၅။ *ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

၅-မောရသုတ္တ

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝန္ဒနစရာ။

---

* ဝိနယပိဋကေ စူဠဝဂ္ဂပါဠိယံ ၂၄၅-ပိဋ္ဌေ၊ ဇာတကပါဠိယံ ပဌမဘာဂေ ၅၃-ပိဋ္ဌေ၊ အင်္ဂုတ္တရနိကာယေ ပဌမဘာဂေ ၃၀၄-ပိဋ္ဌေ စ။

၆၇။ စိရဿံ ဝါယမန္တောပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တ"န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟော။

၆၈။ *ဥဒေတယံ စက္ခုမာ ကေရဏော၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တော ဝိဟရေမု ဒိဝသံ။

၆၉။ *ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောရော စရတိ သေနော။

၇၀။ *အပေတယံ စက္ခုမာ ကေရဏော၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တော ဝိဟရေမု ရတ္တိံ။

၇၁။ *ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊

---

* ဇာတကပါဠိယံ ပဌမဘာဂေ ၃၈-ပိဋ္ဌေ။

နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောဏေ ဝါသ မကပ္ပယိ။
မောဂသုတ္တံ နိဋ္ဌိတံ။

၆-ဝင်္ဃသုတ္တ

၂၂။ ပုဏ္ဏေန္ဒံ ဗောဓိသမ္ဘာဂရေ၊ နိဗ္ဗုတ္တံ ဝင်္ဃဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၂၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟော။

၂၄။ †အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ’ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မုတ္တမံ။

၂၅။ +အာဝဇ္ဇေတ္ဝာ ဓမ္မဗလံ၊ သရိတ္ဝာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊ သစ္စကိရိယ မကာသ’ဟံ။

၂၆။ *သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

---

† စရိယာပိဋကပါဠိယံ ၃၁၅-ပိဋ္ဌေ ဇဝ။
+ စရိယာပိဋကပါဠိယံ ၃၁၅-ပိဋ္ဌေ ဇင။
* စရိယာပိဋကပါဠိယံ ၃၁၅-ပိဋ္ဌေ၊ ဇာတကပါဠိယံ ပဌမ-ဘာဂေ ၉-ပိဋ္ဌေ စ။

၇၇။ + သဟ သစ္စေ ကတေ မယ့်၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဋ္ဌသ ကရီသာနိ၊
ဥဒက် ပတ္ဂာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
သော မေ သစ္စပါရမီ။

ဝဋ္ဌသုတ္တံ နိဋ္ဌိတံ။

၇-ဓဇဂ္ဂသုတ္တ

၇၈။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၇၉။ သဗ္ဗုပဒ္ဒဝဇာလမ္ဘာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ နစ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၈၀။ † ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၈၁။ † တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခ-
ဝေါ"တိ။ "ဘဒန္တေ"တိ ထေ ဘိက္ခူ ဘဂဝတော

+ ဧရိယာပိဋကပါဋိယံ ၄၁၅-ပိဋ္ဌေ ဝေ။
† သံယုတ္တနိကာယေ ပဋမဘာဂေ ၂၂၀-ပိဋ္ဌေ။

ပစ္စယောသုံ။ ဘဂဝါ တေဒဝေါစ——
ဘူတပုဗ္ဗံ ဘိက္ခဝေ
ဒေဝါသုရသင်္ဂါမော သမုပဗ္ဗုဠ္ဆော အဟောသိ။
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော ဒေဝေ
တာဝတိံသေ အာမန္တေသိ——
"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယ္ယ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ
တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယ္ယာထ။ မမံ ဟိ
ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ
ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီ-
ယိဿတိ။

၈၂။* နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယ္ယာထ၊ အထ
ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေ-
ယ္ယာထ။ ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ
ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၃။* နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော-
ကေယ္ယာထ၊ အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကေယ္ယာထ။ ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ

---

* သံယုတ္တနိကာယေ ပဌမဘာဂေ ၂၂၀၊ ၂၂၁-ပိဋ္ဌေသု။

ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီ-
ယိဿတီ။

၈၄။* နော စေ ဝရုဏသ္သ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော-
ကေယျာထ၊ အထ ဣသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကေယျာထ။ ဣသာနဿ ဟိ ဝေါ ဒေဝ-
ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ
ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီ-
ယိဿတီ” တိ။

၈၅။* တံ ခေါ ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ
ဓဇဂ္ဂံ ဥလ္လောကယတံ, ပဇာပတိဿ ဝါ ဒေဝ-
ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဝရုဏဿ ဝါ
ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဣသာနဿ
ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော
ပဟီယေထာပိ နောပိ ပဟီယေထ။

၈၆။* တံ ကိဿ ဟေတု?
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အဝီတရာဂေါ
အဝီတဒေါသော အဝီတမောဟော ဘီရု ဆမ္ဘီ
ဥတြာသီ ပလာယီတိ။

---

*သံယုတ္တနိကာယေ ပဉ္စကဘာဂေ ၂၂၁-၂၂၂-ပိဋ္ဌေသု။

၈၇။*အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ—
သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခ-
မူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ ဘမယေ အနုဿရေယျာထ

၈၈။*"ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရောပုရိသဒမ္မသာရထိ,သတ္ထာဒေဝမနုဿာနံ,
ဗုဒ္ဓေါ,ဘဂဝါ"တိ။

၈၉။*မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၉၀။*နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ

၉၁။*"သ္ဒာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော,
အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

၉၂။*ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

---

* သံယုတ္တနိကာယေ ပဌမဘာဂေ ၂၂၁-၂၂၂-ပိဋ္ဌေသု။

၉၃။*နော စေ ဓမ္မံ အနုဿရေယျာထ၊ အထ သံဃံ အနုဿရေယျာထ

၉၄။*"သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,ဥဇုပ္ပ-ဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပ္ပဋိ-ပန္နော ဘဂဝတော သာဝကသံဃော, သာမီစိပ္ပဋိ-ပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ သေ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော,ဒက္ခိဏေယျော,အဥ္ဇလိကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

၉၅။*သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၉၆။*တံ ကိဿဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၉၇။*ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတ္ဌာန သုဂတော အထာ-ပရံ ဧတဒဝေါစ သတ္ထာ။

---

*သံယုတ္တနိကာယေ ပဋမဘာဂေ ၂၂၂-ပိဋ္ဌေ။

၉၈။ *အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္မုဒ္ဓံ၊ ဘယံ တုမ္ဟာက နော သိယာ။

၉၉။ *နော စေ ဗုဒ္ဓံ သရေယျာထ၊လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

၁၀၀။ *နော စေ ဓမ္မံ သရေယျာထ၊နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

၁၀၁။ *ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န
ဟောဿတိ။

ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။

ဂ-အာဋာနာဋိယသုတ္တ

၁၀၂။ အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စတ္တေဟိ၊ သဒါ ကိစ္စံသကာရိဘိ။

၁၀၃။ ပရိသာနံ စတဿန္နံ၊ ဒမဟိံ သာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ပရိတ္တံ တံ ဘဏာမ ဟော။

၁၀၄။ †ဝိပဿိဿ စ နမတ္ထု၊စက္ခုမန္တဿ သိရိမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

---

